# People Defence Force ( DEPEYIN )

## ကြေညာချက် အမှတ် (၉ / ၂၀၂၁)

ရက်စွဲ - ၉.၁၁.၂၀၂၁

### ဒီပဲယင်းမြို့နယ် ပြည်သူပြည်သားများ လိုက်နာရန် ထုတ်ပြန်ကြေညာချက်

ဒီပဲယင်းမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့သည် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီး ကို မျှော်မှန်းလျှက် အကြမ်းဖက်စစ်ကောင်စီအား မလွဲမရှောင်သာ ရရာလက်နက်ကိုကိုင်ဆွဲ၍ ခုခံတွန်းလှန် လျှက်ရှိပါသည်။

၈.၁၁.၂၀၂၁ ရက်နေ့တွင် အကြမ်းဖက် စစ်ကောင်စီတပ်များသည် ဒီပဲယင်းမြို့နယ် အင်ဘုတ်ကျေးရွာ နှင့် ဝန်းရံကျေးရွာတွင် စစ်ရဟတ်ယာဉ် ၅စီး စိုင်ပြင်မြို့၏ အနောက်ဘက် ဘုတလင်နယ်ဝက်ပုတ် ကျေးရွာတွင် ၂စီး လာရောက်ချထား နေရာယူခဲ့ပါသည်။

သို့ဖြစ်ပါ၍ မြို့နယ်သူ မြို့နယ်သားပြည်သူပြည်သားများအား မြို့နယ်ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့မှ အခါအားလျော်စွာ တားမြစ်သော ထုတ်ပြန်ချက်များကို လေးစားလိုက်နာရန် ထုတ်ပြန်လိုက်သည်။

၁။ အကြမ်းဖက် စစ်ကောင်စီ တပ်များ တပ်စွဲရာ အနီးတွင် လုံးဝ (လုံးဝ) နေထိုင်ခြင်း မပြုရန်။

၂။ အကြမ်းဖက်စစ်ကောင်စီ တပ်များ သွားလာရာလမ်းကြောင်းများမှ အမြန်ဆုံး ရှောင်ရှားခွဲထွက်ရန်။

၃။ ဌာနဆိုင်ရာ ရုံးများအတွင်း သွားလာခြင်း မပြုကြရန်။

၄။အကြမ်းဖက်စစ်ကောင်စီများအား အထောက်အပံ့ ဖြစ်စေသည့် ဒလန်၊ အုပ်ကြီးများနှင့် အတူ သွားလာနေထိုင်ခြင်း မပြုရန်။

၅။ အရေးတကြီး သွားလာလိုပါက မြို့နယ်ကာကွယ်ရေး တပ်ဖွဲ့နှင့် ချိတ်ဆက် သွားလာကြပါရန်။

၆။ ညနေ ၆နာရီ မှ နံနက် ၆နာရီ အတွင်း ခရီးသွားလာခြင်း မပြုကြရန်။

မှတ်ချက် ။ ။ ဖော်ပြပါ နေရာများသည် အချိန်မရွေး စစ်မြေပြင်ဖြစ်လာနိုင်ကြောင်း ထုတ်ပြန်လိုက်သည်။

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့
ဒီပဲယင်းမြို့နယ်